*J. Myanmar. Acad. Arts Sci. 2019* **Vol. XVII. No. 6B**

# ကုန်းဘောင်ခေတ်ကျောက်စာများမှ အထူးပြုနာမ်ပုဒ်များဖွဲ့စည်းပုံ လေ့လာချက်

ခင်ခင်လတ်*

## စာတမ်းအကျဉ်း

ဤစာတမ်းတွင် ကုန်းဘောင်ခေတ် (မြန်မာသက္ကရာဇ် ၁၁၁၄ မှ ၁၂၄၇ အထိ) မြန်မာကျောက်စာများမှ ကျောက်စာအချပ် (၂၀)ကို အလေ့လာခံနယ်ပယ် အဖြစ် သတ်မှတ်ခဲ့ပါသည်။ ဤအလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ် များ၏ ဖွဲ့စည်းပုံကို ဘာသာဗေဒနည်းဖြင့် လေ့လာခဲ့သည်။ လေ့လာရာ တွင်လည်း အခြေခံသဒ္ဒါယူနစ် ငါးမျိုးဖြစ်သော ဝါကျ၊ ဝါကျခွဲ၊ ပုဒ်၊ စကားလုံး၊ ရုပ်ရင်း ဟူသော အဆင့်ငါးမျိုးရှိရာ ပုဒ်အဆင့် ဖြစ်သော အပိုင်းမှ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံအကြောင်းကို သရုပ်ဖော်ဘာသာဗေဒနည်းဖြင့် လေ့လာဆန်းစစ် တင်ပြထားပါသည်။

**သော့ချက်ဝေါဟာရများ – *အထူးပြုနာမ်ပုဒ်၊ နာမ်အထူးပြု၊ ဦးဆောင်နာမ်၊ နာမ်ဝိဘတ်၊ ပစ္စည်း။***

## နိဒါန်း

ဤစာတမ်းတွင် ကုန်းဘောင်ခေတ်ကျောက်စာများရှိ 'အထူးပြုနာမ်ပုဒ်များ' ဖွဲ့စည်းထားပုံကို ဘာသာဗေဒနည်းဖြင့် လေ့လာတင်ပြခဲ့ပါသည်။ မြန်မာသက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) အထိ မြန်မာကျောက်စာများမှ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်း ထားပုံကို 'အထူးပြုနာမ်ပုဒ်များဟူသည်' နှင့် 'ကုန်းဘောင်ခေတ်ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ' ဟူ၍ အပိုင်း(၂)ပိုင်းခွဲကာ လေ့လာတင်ပြထား ပါသည်။

ကုန်းဘောင်ခေတ် မြန်မာကျောက်စာများမှ ကျောက်စာအချပ် (၂၀)ကိုသာ အလေ့လာခံနယ်ပယ်အဖြစ် သတ်မှတ်၍ ဤအလေ့လာခံကျောက်စာများမှ အထူးပြု နာမ်ပုဒ်များ၊ ဖွဲ့စည်းထားရှိပုံကိုလည်း ကဏ္ဍ(၃)ခုခွဲကာ လေ့လာတင်ပြခဲ့ပါသည်။ အလေ့လာခံ သဒ္ဒါအမျိုးအစားဖြစ်သော နာမ်၊ ကြိယာ၊ ဝိဘတ်တို့ကို အခြေခံ၍ အထူးပြုနာမ်ပုဒ်များကိုလည်း သဒ္ဒါစည်းကမ်းအရ မည်သို့ ဖွဲ့စည်းထားရှိပုံကိုလည်း လေ့လာဆန်းစစ်တင်ပြခဲ့ပါသည်။ အလေ့လာခံ ကုန်းဘောင်ခေတ် ကျောက်စာများ စာရင်းနှင့် အထူးပြုနာမ်ပုဒ်များ၏ အကြိမ် အရေအတွက်ကိုသာ ဖော်ပြထားရှိခဲ့ပြီး

* ဒေါ်၊ ကထိက၊ မြန်မာစာဌာန၊ ရန်ကုန်ပညာရေးတက္ကသိုလ်

ဖော်ပြထားရှိခြင်း မရှိခဲ့သော အထူးပြုနာမ်ပုဒ်များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြသွားပါမည်။

## ၁။ အထူးပြုနာမ်ပုဒ်ဟူသည်

'အထူးပြုနာမ်ပုဒ်' [၁] ဆိုသည်မှာ နာမ်အထူးပြုစကားလုံးတစ်ခု၊ တစ်ခုထက်ပိုသော အထူးပြုစကားလုံးများနှင့် ဖွဲ့စည်းထားသော စကားလုံးအစုအဝေးကို ခေါ်သည်။ ယင်းစကားလုံးအစုအဝေးတွင် ပါဝင်သော စကားလုံးများအနက် အနည်းဆုံး စကားလုံးတစ်ခုသည် 'ဦးဆောင်နာမ်'[၂] ဖြစ်ရမည်။ ယင်းဦးဆောင်နာမ်၏ ရှေ့တွင်လည်းကောင်း၊ ဦးဆောင်နာမ်၏ နောက်တွင်လည်းကောင်း၊ ဦးဆောင်နာမ်၏ ရှေ့ရော နောက်၌ပါလည်းကောင်း 'နာမ်အထူးပြု' [၃] များ အကန့်အသတ်မရှိ ပါဝင်နိုင်ပါသည်။ ယင်းစကားလုံးအစုအဝေး၏ နောက်ဆုံးနေရာတွင် 'နာမ်ဝိဘတ်' [၄] ပါသည်လည်းရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။ ယင်းကို ပုံသေနည်းဖြင့် ပြလျှင်–

အထူးပြုနာမ်ပုဒ် $\rightarrow$ $\pm$ နာမ်အထူးပြု... + ဦးဆောင်နာမ် $\pm$ နာမ်အထူးပြု... $\pm$ နာမ်ဝိဘတ်

ဟူ၍ ပြနိုင်သည်။ သင်္ကေတဖြင့် ပြရလျှင်–

$$\text{MN} \rightarrow \pm \text{ adj} \ldots + \text{ hn} \pm \text{ adj} \ldots \pm \text{ np}$$

ဟူ၍ ပြနိုင်ပါသည်။

### ၁၊ ၁။ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ

နာမ်အထူးပြုများကို အခြေခံ၍ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များကို ဖွင့်ဆိုသတ်မှတ်ရာတွင် အထူးပြုနာမ်ပုဒ်တစ်ခု၌–

(က) ဦးဆောင်နာမ်တစ်ခု ပါရှိရမည်။ ဦးဆောင်နာမ်နောက်တွင် နာမ်ဝိဘတ်ပါသည်လည်း ရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။

---

[၁] Modifier noun

[၂] head noun

[၃] adjectival

[၄] Noun particle

(ခ) ဦးဆောင်နာမ်၏ရှေ့တွင် အနည်းဆုံး နာမ်အထူးပြုတစ်ခု ပါရှိသည်။ နာမ်အထူးပြုပုဒ်၏ နောက်တွင် ပုဒ်ဖြစ်ကြောင်းပြပစ္စည်း ပါသည်လည်း ရှိ၍ မပါသည်လည်း ရှိနိုင်ပါသည်။

(ဂ) နာမ်အထူးပြုသည် ဦးဆောင်နာမ်၏ ရှေ့တွင်သာမက နောက်တွင်လည်း တစ်ပြိုင်နက် ရှိနိုင်ပါသည်။

(ဃ) အထူးပြုနာမ်ပုဒ်တစ်ခုတွင် ဦးဆောင်နာမ် တစ်ခု ပါဝင်ပြီး နာမ်အထူးပြု တို့မှာ တစ်ခုထက်မက နှစ်ခု သုံးခု လေးခု ငါးခု စသည်ဖြင့် ပါရှိနိုင်သည်။

ထိုဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ် $\rightarrow\pm$ နာမ်အထူးပြု... $+$ ဦးဆောင်နာမ် $\pm$ နာမ်အထူးပြု... $\pm$ နာမ်ဝိဘတ်

ဟူ၍ ပြနိုင်သည်။ သင်္ကေတဖြင့်ပြရလျှင်–

$$\text{MN} \rightarrow \pm \text{ adj} \ldots + \text{ hn } \pm \text{ adj} \ldots \pm \text{ np}$$

ဟူ၍ ဖြစ်ပါသည်။ ဖော်ပြပါဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများရှိ အထူးပြု နာမ်ပုဒ်များ၏ ဖွဲ့စည်းထားပုံကို လေ့လာတင်ပြပါမည်။

## ၂။ ကုန်းဘောင်ခေတ် ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံ

အလေ့လာခံကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များအတွင်း ပါဝင်ဖွဲ့စည်း ထားသော ဦးဆောင်နာမ်ကို အထူးပြုထားသည့် နာမ်အထူးပြုများ၏ ဖွဲ့စည်းပုံကို ဖော်ပြရာတွင်–

(၁) ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

(၂) ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

(၃) ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်မှ နာမ်အထူးပြုပါသော အထူးပြု နာမ်ပုဒ်များ

ဟူ၍ ဖော်ပြပါမည်။

အလေ့လာခံ ကျောက်စာများရှိ အထူးပြုနာမ်ပုဒ်များတွင် ပါဝင်သော နာမ် အထူးပြုများကို ဖော်ပြရာတွင် ဦးဆောင်နာမ်ကို အထူးပြုပုံအရ အရေအတွက်အလိုက်

ဖော်ပြသွားပါမည်။ အထူးပြုနာမ်ပုဒ်တစ်ခုတွင် ဦးဆောင်နာမ်ကို အထူးပြုနိုင်သော နာမ်အထူးပြုသည် အရေအတွက် တစ်ခုမက ပါရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ နာမ်အထူးပြုများကို အရေအတွက်အလိုက် ဖော်ပြရခြင်း ဖြစ်ပါသည်။

## ၂။ ၁။ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

ဤအထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်သည် တစ်ခုသာ ပါရမည် ဖြစ်သည်။ ဦးဆောင်နာမ်၏ရှေ့မှ အထူးပြုသော နာမ်အထူးပြုသည် တစ်ခုမက နှစ်ခု၊ သုံးခု စသည်ဖြင့် ပါဝင်နိုင်သည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် ပါသည်လည်း ရှိသည်။ မပါဘဲနှင့်လည်း ရှိနိုင်သည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု... + ဦးဆောင်နာမ် ± နာမ်ဝိဘတ်

MN → adj ... + hn ± np

ဟူ၍ ဖော်ပြပါမည်။ ယင်းဖွဲ့စည်းမှုအတိုင်း အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ်များကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

### ၂။ ၁၊ ၁။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု တစ်ခုပါရှိပြီး ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းထားသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj + hn + np

ဟူ၍ ဖော်ပြပါသည်။ ဦးဆောင်နာမ်ရှေ့မှ နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ် နောက်မှ နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းပုံကို အလေ့လာခံကျောက်စာတို့တွင် အောက်ပါ အတိုင်း တွေ့ရသည်။

- မုတ်ဆိုဝ်ဘိုဝ်မည်သောရှာကိုဝ် ရှေး၊ စာ–၁၄ ၊ က–၉
  - မုတ်ဆိုဝ်ဘိုဝ်မည်သော adj
  - ရှာ hn
  - ကိုဝ် np

- အမင်မင်တိုဝ်၏အရှင် ရာဇာဓိပတိဖြစ်တော်မူသော အလောင်းမင်းတရားကြီးသည် ရှေး၊ စာ–၁၄၊ က–၁၂
  - အမင်မင်တိုဝ်၏အရှင်ရာဇာဓိပတိ ဖြစ်တော်မူသော adj
  - အလောင်းမင်းတရားကြီး hn
  - သည် np

- ငါဘုရားဖယ်ကိုယ်စားဖြစ်သဝ် မွိယ်တ်ဓာတ်တ်တို့သည် ရှေး၊ စာ–၂၄၊ က–၂၆
  - ငါဘုရားဖယ်ကိုယ်စားဖြစ်သဝ် adj
  - မွိယ်တ်ဓာတ်တ်တို့ hn
  - သည် np

- အဆုံးစွန်သဝ် နိဗ္ဗာန်ပြည်ကို မြင်တ်မူသဝ် ဘုရားသခင်သည် ရှေး၊ စာ–၂၅၊ က–၂၆
  - အဆုံးစွန်သဝ် နိဗ္ဗာန်ပြည်ကို မြင်တ်မူသဝ် adj
  - ဘုရားသခင် hn
  - သည် np

– ထူးမြတ်စွာသော တရားတော်ကို ရှေး၊ စာ–၄၆၊ က–၅၀

– ထူးမြတ်စွာသော adj

– တရားတော် hn

– ကို np

အထက်ဖော်ပြပါ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံကို အလေ့လာခံကျောက်စာတို့တွင် (၃၉)ကြိမ် အသုံးပြုရေးထိုးထားသည်။ ဖော်ပြပါ ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့များကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂။ ၁၊ ၂။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါရှိသော ဖွဲ့စည်းထားပုံကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံကို ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် ⟶ နာမ်အထူးပြု ^၁–၂^ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

$$MN \rightarrow adj^{1-2} + hn + np$$

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံကျောက်စာတို့တွင်လည်း ဤသို့သော ဖွဲ့စည်းမှုကို တွေ့ရှိရသည်။

– ဇမ္ဗုဒိပါတစ်ကျွန်းလုံး၌ ရှိသော ၈၄၀၀၀ သော ထီးဆောင်းမင်းတို့သည် ရှေး၊ စာ–၂၀၊ က–၂၅

– ဇမ္ဗုဒိပါတစ်ကျွန်းလုံး၌ ရှိသော adj

– ၈၄၀၀၀ သော adj

– ထီးဆောင်းမင်းတို့ hn

– သည် np

– မြတ်သောနှလုံးတော်ဟိသော သီရိ သုဓမ္မမဟာ ရာဇာဓိပတိအမည်တော်ရှိသော မင်းတရားကြီးသည် ရေး၊ စာ–၃၅ ၊ က–၃၆

- မြတ်သောနှလုံးတော်ဟိသော adj
- သီရိသုဓမ္မမဟာရာဇာဓိပတိ အမည်တော်ရှိသော adj
- မင်းတရားကြီး hn
- သည် np

– အောင်သူတိုင် အဓိပတိဖြစ်သော ငါဘုရား၏ သာသနာတော်ကိုဝ် ခြီးမြှင့် ပြုစု သင် မင်းဧကရာဇ်တိုဝ်သည် ရေး၊ စာ–၇၇ ၊ က–၉

- အောင်သူတိုင် အဓိပတိ ဖြစ်သော adj
- ငါဘုရား၏ သာသနာတော်ကိုဝ် ခြီးမြှင့်ပြုစုသင် adj
- မင်းဧကရာဇ်တိုဝ် hn
- သည် np

– နတ်နန်းဗိမာန်နှင့်တူသင် ရွှေနန်းရွှေဘုံမှ ပဒုံမာနှင့် တူသင်စက်စုံ ရွှေကြာပွင့်ကိုဝ် ရေး၊ စာ–၉၅ ၊ က–၁၆

- နတ်နန်းဗိမာန်နှင့်တူသင် adj
- ရွှေနန်းရွှေဘုံမှ ပဒုံမာနှင့်တူသင် adj
- စက်စုံရွှေကြာပွင့် hn
- ကိုဝ် np

အထက်ဖော်ပြပါ နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၆)ကြိမ် ရေးထိုးထားသည်။ ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့ များကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂၊ ၁၊ ၃။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု သုံးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု သုံးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းပုံမျိုးကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံတွင် ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရလျှင်–

အထူးပြုနာမ်ပုဒ် ⟶ နာမ်အထူးပြု ၁–၃ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN ⟶ adj $^{1\text{-}3}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ ဤဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ် များကို တင်ပြရလျှင်–

– ဆင်မြတ်ယဉ်သာအပေါင်း ခြံရံအပ်သော ဆင်ဖြူရတနာမြတ်သခင် သိကြား ဘေးဘိုး ရွှေနန်းစိုးသား နေမျိုးဇာတိ မဟိဒ္ဓိလည်း ဖြစ်တော်မူထသော ဘုန်းတော် အလွန် ကြီးမြတ်တော်မူလှသဝ် အရှင်ဘဝရှင် မင်းတရားကြီးဘုရားသည် — ရှေး၊ စာ–၄၂၊ က–၂၂

| | |
|---|---|
| – ဆင်မြတ်ယဉ်သာအပေါင်း ခြံရံအပ်သော | adj |
| – ဆင်ဖြူရတနာမြတ်သခင်ဘေးဘိုး ရွှေနန်း စိုးသား နေမျိုး ဇာတိ မဟိဒ္ဓိလည်း ဖြစ်တော်မူထသော | adj |
| – ဘုန်းတော်အလွန်ကြီးမြတ်တော် မူလှသဝ် | adj |
| – အရှင်ဘဝရှင်မင်းတရားကြီးဘုရား | hn |
| – သည် | np |

- ကောင်မွှတ်စွာ သင် ကျန်လက္ခဏာရှိ သင်မွှေး စွာသင် ဆင်တိုင့်ကိုင် — ရေး၊ စာ–၉၃၊ က–၆
  - ကောင်မွှတ်စွာ သင် — adj
  - ကျန်လက္ခဏာ ရှိသင် — adj
  - မွှေး စွာ သင် — adj
  - ဆင်တိုင့် — hn
  - ကိုင် — np

- တကောင်ပြည်ကြီး ရွှေထီး ဘွင့် သင် သတိုင် မင်း မဟာ ဇမ္ဗူ ဒီပဓဇ အမည် ဟိသိင် မင်းတရားကြီး၏ အနွယ်အရိုးအမျိုဝ်ရင်း ဖြစ်သင် သတိုးမင်းဖျား မင်းတရားသည် — ရေး၊ စာ–၇၇၊ က–၁၀
  - တကောင်ပြည်ကြီး ရွှေထီးဘွင့်သင် — adj
  - သတိုင် မင်း မဟာ ဇမ္ဗူဒီပဓဇ အမည်ဟိသိင် — adj
  - မင်းတရားကြီး၏ အနွယ်အရိုး အမျိုဝ်ရင်း ဖြစ်သင် — adj
  - သတိုးမင်းဖျား မင်းတရား — hn
  - သည် — np

ဖော်ပြပါ ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြု (၃)ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၈)ကြိမ် ရေးထိုးထားသည်။ ကျန်အထူးပြုနာမ်ပုဒ်များ အဖွဲ့ကိုမူ နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂။ ၁။ ၄။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုလေးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြုလေးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းထားပုံကိုလည်း တွေ့ရသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းပြု၍ သင်္ကေတဖြင့်ပြသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ^၁–၄^ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN → adj $^{1-4}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ ထိုဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာတို့တွင်–

– လယ်တွင်းကိုးခရိုင်ကိုစီရင်သော ပညာသတ္တိနှင့်ပြည့်စုံသော သာသနဝုဒ္ဓိ အတ္တဝုဒ္ဓိ ပရဝုဒ္ဓိတို့ကိုဝ် အလိုရှိသော သူတော်ကောင်းသဘောရှိသဝ် အမတ်တော်ကိုဝ် — ရေး၊ စာ–၁၄၊ က–၁၉

| | |
|---|---|
| – လယ်တွင်းကိုးခရိုင်ကိုစီရင်သော | adj |
| – ပညာသတ္တိနှင့် ပြည့်စုံသော | adj |
| – သာသနဝုဒ္ဓိ အတ္တဝုဒ္ဓိ ပရဝုဒ္ဓိ တို့ကိုဝ် အလိုရှိသော | adj |
| – သူတော်ကောင်းသဘောရှိသော | adj |
| – အမတ်တော် | hn |
| – ကိုဝ် | np |

– ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိသဝ် ဘုန်တန်ခိုဝ် ပညာသဒ္ဓါနှင့် ပြည့်စုံမ်တ်မူသဝ် ဘုန်း၏ အလွန်ကြီးမြတ်တ်မူလှသဝ် ဆင့်ဖွူသခင် အသျှင် ဘဝရှင်မင်းတရားကြီးဘုရားသည် ရှေး၊ စာ–၇၇၊ က–၁၅–၁၆

– ဇမ္ဗူဒိပ်ကျွန်းတွင် အတုမရှိသော adj

– ဘုန်းတန်ခိုဝ်ပညာသဒ္ဓါနှင့် ပြည့်စုံမ်တ်မူသဝ် adj

– ဘုန်း၏ အလွန်ကြီးမြတ်တ် မူလှသဝ် adj

– ဆင့်ဖွူသခင် adj

– အသျှင်ဘဝရှင်မင်းတရားကြီး ဘုရား hn

– သည် np

ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု လေးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံကို အလေ့လာခံ ကျောက်စာတို့တွင် (၂)ကြိမ်သာ ရေးထိုးထားသည်ကို တွေ့ရှိရသည်။

## ၂၊ ၁၊ ၅။ ဦးဆောင်နာမ်၏ရှေ့တွင် နာမ်အထူးပြု ငါးခုနှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု ငါးခုနှင့် ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသော ဖွဲ့စည်းပုံကိုလည်း တွေ့ရှိရသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းဖြင့် သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် $\rightarrow$ နာမ်အထူးပြု $^{၁–၅}$ + ဦးဆောင်နာမ် + နာမ်ဝိဘတ်

MN $\rightarrow$ adj $^{1-5}$ + hn + np

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံကျောက်စာတွင်လည်း ဤသို့သော နာမ်အထူးပြု များစွာနှင့် ဖွဲ့စည်းပုံကိုလည်း တွေ့ရသည်။

– တတိယရာဇဝင်မင်းတရားကြီး ဘုရး၏ သးတ် အစစ် မွတ် ရင်နှစ်လျှင် ဖွစ်တ် မူထသဝ် ဘုန်းတန်ခိုဝ်အာဏာ ကွက်သရေ နေလကဲ့သို့ဝ် ဝင်ဝင်ပရယ် သာသနာ ဝုမ္မိ လောကဝုမ္မိ ဟူသဝ် ပွည်သူတိုင်သးစီပွး အပေါင်တိုဝ်ကိုဝ် ရွက်ဆောင်တော်မူသဝ် သုနာပရန် တမ္ပဒီပစသဝ်တိုင်ကွီး ၁၆ တိုင်၏ အရှင် ရတနာတွင် မတ် မး သ္ခိင် အသျှင် ဘဝရှင် မင်းတရားသည် ရှေး၊ စာ–၈၉၊ က–၂၃

| | |
|---|---|
| – တတိယရာဇဝင်ဘဝရှင် မင်းတရားကွီး ဘုရး၏ သားတော်အစစ်မွတ် ရင်နှစ်လျှင် ဖွစ်တ်မူထသင် | adj |
| – ဘုန်တန်ခိုဝ်အာဏာ ကွက်သရေ နေလကဲ့သိုဝ် ဝင်ဝင်ပရယ် | adj |
| – သာသနာ ဝုမ္မိ လောကဝုမ္မိ ဟူသဝ် ပွည်သူတိုဝ် သးစီးပွား အပေါင် တိုဝ်ကိုဝ် ရွက်ဆောင် တော်မူသဝ် | adj |
| – သုနာပရန် တမ္ပဒိပစသဝ် တိုင်းကွီး၁၆တိုဝ်၏အရှင် | adj |
| – ရတနာတွင် မတ်မးသ္ခိင် | adj |
| – အသျှင်ဘဝရှင် မင်းတရား | hn |
| – သည် | np |

ဤကဲ့သို့ နာမ်အထူးပြုပေါင်းများစွာတို့နှင့် ဖွဲ့စည်းထားရှိမှုကို ရှေးစာပေ ရေးဖွဲ့မှုတို့တွင် အများဆုံး တွေ့ရှိရသည်။ နာမ်အထူးပြုပေါင်းများစွာနှင့် ဖွဲ့စည်း ထားရှိသောကြောင့် အဓိက ဆိုလိုချက်ကို ချက်ချင်းမသိနိုင်ပေ။

## ၂။ ၁။ ၆။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု၊ နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါသော အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံတွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု သို့မဟုတ် နှစ်ခု ပါဝင်ပြီး ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ် မပါဝင်သော ဖွဲ့စည်းမှုမျိုးကိုလည်း တွေ့ရသည်။ ဤဖွဲ့စည်းပုံကို ဘာသာဗေဒအရ ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု (၁–၂) + ဦးဆောင်နာမ်

MN → adj (1-2) + hn

ဟူ၍ ဖော်ပြပါမည်။ အလေ့လာခံ ကျောက်စာတို့တွင် ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြု တစ်ခု၊ နှစ်ခု နှင့် ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် အဖွဲ့များကို လေ့လာတင်ပြပါမည်။

– ဘုရားရှင်ကိုဝ် က္လည်လင် တုပ်ပ္လပ် ညွှတ်ဆည် ကပ် သဝ် သုဒဿနမင်း ရှေး၊ စာ–၈၆၊ က–၂
  - ဘုရားရှင်ကို က္လည်လင် တုပ်ပ္လပ် ညွှတ်ဆည် ကပ်သဝ် adj
  - သုဒဿနမင်း hn

– မရ် ၅းကိုဝ်ထွးထွးညက်ညက် ပယ်ဘျက် ခုတ်တွင် အောင်မ္ဂင်တော် မူသဝ် ဘုရားသ္ခိင် ရှေး၊ စာ–၈၇၊ က–၅
  - မာရ်၅းကိုဝ်ထွးထွးညက်ညက် ပယ်ဘျတ်ခုတ်ထွင် အောင်မ္ဂင် တော်မူသဝ် adj
  - ဘုရားသ္ခိင် hn

– ရတနာမိုယ်းက္လိုး အဖ္လီးဖ္လီးသဝ် စေတနာ ရှေး၊ စာ–၉၈၊ က–၃၅
  - ရတနာမိုယ်းက္လီး အဖ္လီးဖ္လီးသဝ် adj
  - စေတနာ hn

- သစ်စေးဟင်သပတား ရွှေငွေ အစရှိသည် ရေး၊ စာ–၁၄၊ က–၂၅
  တိုဝ်ဖြင့်တင့်တယ်ရှုဘွယ်လှစွာသော လျှပ်စစ်
  ရွှေတောင်ထွင့် ကဲ့သိုဝ်သော စေတီတော်
  - သစ်စေးဟင်သပတား ရွှေငွေ adj
    အစရှိသည်တိုဝ်ဖြင့် တင့်တယ်
    ရှုဘွယ်လှစွာသော
  - လျှပ်စစ်ရွှေတောင်ထွင့် adj
    ကဲ့သိုဝ်သော
  - စေတီတော် hn

- အသဿဇာနည်မြင်းပျံကသေဝ် နတ်ရထားကဲ့သို့ ရေး၊ စာ–၄၅၊ က–၂၅
  အလွန်လျှင် ရှုဘွယ်ရှိသေဝ် ရွှေငွေ ပတ္တမြား
  ဖန်မှန်အထိ ဆန်းကြယ်စွာ တန်ဆာဆင်
  အပ်သော မြင်းရထား
  - အသဿဇာနည် မြင်းပျံကသေဝ် adj
    နတ်ရထားကဲ့သို့ အလွန်လျှင်
    ရှုဘွယ်ရှိသေဝ်
  - ရွှေငွေပတ္တမြား ဖန်မှန်အတိ adj
    ဆန်းကြယ်စွာ တန်ဆာဆင်
    အပ်သော
  - မြင်းရထား hn

- ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော စကြာ ရေး၊ စာ–၄၅၊ က–၂၅
  ဆင်ဖြူများသခွင် ဘဝရှင် အလောင်းမင်းတရားကြီး
  - ဘုန်းတော်အလွန်ကြီးမြတ်တော် adj
    မူလှသော
  - စကြာဆင်ဖြူများ သခွင် adj
  - ဘဝရှင်အလောင်းမင်းတရားကြီး hn

ဦးဆောင်နာမ်၏ နောက်တွင် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ်များကို အလေ့လာခံကျောက်စာတို့တွင် (၂၈)ကြိမ် ရေးထိုးထားသည်ကို တွေ့ရသည်။ ဖော်ပြထားခြင်း မရှိသော အထူးပြုနာမ်ပုဒ်များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြပါမည်။

## ၂၊ ၁၊ ၇။ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြုသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ တည်ဆောက်ရာတွင် ဦးဆောင်နာမ်၏ ရှေ့တွင် ကိန်းဂဏန်းဆိုင်ရာ နာမ်အထူးပြုများလည်း ပါရှိသည်။ ဦးဆောင်နာမ်၏ရှေ့မှ အထူးပြုရာတွင် အရေအတွက်ကိုပြသော မျိုးပြစကားလုံးကိုသုံး၍ ကိန်းဂဏန်းဆိုင်ရာ အထူးပြုခြင်းမျိုးကို အများဆုံး တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်ဝိဘတ်ပါသည်လည်းရှိ၍ မပါသည်လည်း ရှိပါသည်။ ယင်းဖွဲ့စည်းပုံကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ... + ဦးဆောင်နာမ် ∓ နာမ်ဝိဘတ်

$$MN \rightarrow adj \ldots + hn \mp np$$

ဟူ၍ ဖော်ပြပါမည်။ ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြုတစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်များကို ဦးစွာတင်ပြပြီးမှ ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် မပါဝင်သော ဖွဲ့စည်းပုံကို တင်ပြသွားမည် ဖြစ်ပါသည်။

– သုံးပါးသဝ် သာသနာတ်ကို ရေး၊ စာ–၂၃၊ က–၃၆

| | |
|---|---|
| – သုံးပါးသဝ် | adj |
| – သာသနာတ် | hn |
| – ကို | np |

– ၃၀ သဝ် ပါရမီတိုဝ် ကိုဝ် ရေး၊ စာ–၇၉၊ က–၄

| | |
|---|---|
| – ၃၀ သဝ် | adj |
| – ပါရမီတိုဝ် | hn |
| – ကိုဝ် | np |

– ၈၄၀၀၀ သော စေတီအပေါင်းတို့တွင် ရှေး၊ စာ–၁၉၊ က–၃၃

| | |
|---|---|
| – ၈၄၀၀၀ သော | adj |
| – စေတီအပေါင်းတို့ | hn |
| – တွင် | np |

– ခြောက်ပါးသဝ် ရောင်ခြည်တ် ရှေး၊ စာ–၃၂၊ က–၁၅

| | |
|---|---|
| – ခြောက်ပါးသဝ် | adj |
| – ရောင်ခြည်တ် | hn |

– သုံမ်သွယ်သောကပ် ရှေး၊ စာ–၇၁၊ က–၁၀

| | |
|---|---|
| – သုံမ်သွယ်သော | adj |
| – ကပ် | hn |

အထက်ဖော်ပြပါ ဦးဆောင်နာမ်၏ရှေ့မှ ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ် ဖွဲ့စည်းထားပုံတွင် ဦးဆောင်နာမ်၏နောက်မှ နာမ်ဝိဘတ် ပါဝင်သော ဖွဲ့စည်းပုံကို (၅)ကြိမ် တွေ့ရပြီး နာမ်ဝိဘတ် ပါဝင်မှုမရှိသော ဖွဲ့စည်းပုံအကြိမ် (၂၀) ရေးထိုးထား သည်ကို တွေ့ရသည်။ ဖော်ပြထားခြင်းမရှိသော အထူးပြုနာမ်ပုဒ်တို့ကို နောက်ဆက်တွဲတွင် ဖော်ပြပါမည်။

## ၂၊၂။ ဦးဆောင်နာမ်၏နောက်မှ နာမ်အထူးပြုပါသော ကိန်းဂဏန်းဆိုင်ရာ အထူးပြု နာမ်ပုဒ်များ

အထူးပြုနာမ်ပုဒ်များ တည်ဆောက်ရာတွင် ဦးဆောင်နာမ်၏ ရှေ့တွင်သာမက ဦးဆောင်နာမ်၏ နောက်ကပါ အထူးပြုနိုင်ပါသည်။ ထိုကဲ့သို့ ဦးဆောင်နာမ်၏ နောက်မှ အထူးပြုနိုင်သော နာမ်အထူးပြုသည် အနည်းဆုံး တစ်ခု ပါရှိရမည်။ နှစ်ခု သုံးခု စသည်ဖြင့်လည်း ပါဝင်နိုင်သည်။ အကန့်အသတ် မရှိပေ။ ဦးဆောင်နာမ်၏ နောက်မှနေ၍ အထူးပြုရာတွင်လည်း မျိုးပြစကားလုံးကို သုံး၍ ကိန်းဂဏန်းဆိုင်ရာ အသုံးပြုခြင်းအပြင် နာမ်အထူးပြုကိုလည်း ထပ်မံတွေ့ရှိရသည်။ ယင်းအဖွဲ့အစည်းပုံ တို့ကို ပုံသေနည်းထုတ်၍ သင်္ကေတဖြင့် ဖော်ပြရသော်–

အထူးပြုနာမ်ပုဒ် ⟶ ဦးဆောင်နာမ် + နာမ်အထူးပြု ... ± နာမ်ဝိဘတ်

MN → hn + adj … ± np

ဟူ၍ ဖော်ပြပါမည်။ ဤဖွဲ့စည်းပုံအရ အလေ့လာခံကျောက်စာများရှိ ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များကို တင်ပြပါမည်။ ဤတွင် နာမ်အထူးပြု၏နောက်တွင် နာမ်ဝိဘတ် မပါရှိသော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိမှုကို ဦးစွာတင်ပြပြီးမှ နာမ်ဝိဘတ်ပါသော အထူးပြုနာမ်ပုဒ် ဖွဲ့စည်းပုံနှင့် ကိန်းဂဏန်းဆိုင်ရာ အထူးပြုခြင်းအပြင် နာမ်အထူးပြု ထပ်မံပါရှိသော ဖွဲ့စည်းပုံကို ဖော်ပြပါမည်။

| | | |
|---|---|---|
| – သာသနာသုံးပါး | | ရှေး၊ စာ–၂၃၊ က–၁၃ |
| – သာသနာ | hn | |
| – သုံးပါး | adj | (Num+CL) |
| – စရပ်တော် ၄ဆောင် | | ရှေး၊ စာ–၂၃၊ က–၄၂ |
| – စရပ်တော် | hn | |
| – ၄ဆောင် | adj | (Num+CL) |
| – ပရိက္ခရာရှစ်ပါး | | ရှေး၊ စာ–၃၀၊ က–၁၄ |
| – ပရိက္ခရာ | hn | |
| – ရှစ်ပါး | adj | (Num+CL) |
| – ဘဝသုံးပါးနှိုက် | | ရှေး၊ စာ–၄၃၊ က–၅၃ |
| – ဘဝ | hn | |
| – သုံးပါး | adj | (Num+CL) |
| – နှိုက် | np | |
| – ရတနာမြတ် ၃ပး | | ရှေး၊ စာ–၁၀၂၊ က–၃၁ |
| – ရတနာ | hn | |
| – မြတ် | adj | |
| – ၃ပး | adj | (Num+CL) |

ကုန်းဘောင်ခေတ် အလေ့လာခံကျောက်စာများတွင် ဦးဆောင်နာမ်နောက်မှ နာမ်အထူးပြုပါသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်များတွင် နာမ်ဝိဘတ် ပါသော ဖွဲ့စည်းပုံကို အနည်းငယ်သာ တွေ့ရှိရ၍ နာမ်ဝိဘတ် မပါသော ဖွဲ့စည်းမှုကို အများဆုံး တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်မှ ကိန်းဂဏန်းဆိုင်ရာ အထူးပြုနာမ်ပုဒ်အဖွဲ့များကို (၃၃)ကြိမ် တွေ့ရသည်။ ဦးဆောင်နာမ်၏နောက်တွင် နာမ်အထူးပြု နှစ်ခုသာ အများဆုံးထည့်၍ ရေးဖွဲ့သည်။ ဖော်ပြရန် ကျန်ရှိသော အထူးပြုနာမ်ပုဒ်များကို နောက်ဆက်တွဲတွင် ဆက်၍ ဖော်ပြပါသည်။

## ၂။ ၃။ ဦးဆောင်နာမ်၏ ရှေ့နောက်တို့မှ နာမ်အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ

ဤဖွဲ့စည်းပုံ၌ အထူးပြုနာမ်ပုဒ်တွင် ဦးဆောင်နာမ်သည် မပါမဖြစ် ပါရမည်။ ဦးဆောင်နာမ်ကို အထူးပြုသော နာမ်အထူးပြုများသည်လည်း ဦးဆောင်နာမ်၏ ရှေ့နှင့် နောက်တို့တွင် တစ်ပြိုင်နက်တည်း ပါရမည်ဖြစ်သည်။ ဦးဆောင်နာမ်၏ ရှေ့တွင် နာမ်အထူးပြုတစ်ခုမက နှစ်ခု သုံးခု စသည်ဖြင့် ပါဝင်ဖွဲ့စည်းနိုင်သော်လည်း ဦးဆောင်နာမ်၏ နောက်တွင် နာမ်အထူးပြု တစ်ခုသာ အများဆုံး တွေ့ရသည်။ နာမ်အထူးပြု၏ နောက်တွင် နာမ်ဝိဘတ် ပါသည်လည်းရှိ၍ မပါသည်လည်း ရှိနိုင်သည်။ ယင်းကို ပုံသေနည်းပြု၍ သင်္ကေတဖြင့် ပြရသော်–

အထူးပြုနာမ်ပုဒ် → နာမ်အထူးပြု ... + ဦးဆောင်နာမ် + နာမ်အထူးပြု... + နာမ်ဝိဘတ်

MN → adj… + hn ± adj…. + np

ဟူ၍ ဖော်ပြပါမည်။ ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုတစ်ခုစီ ပါဝင်ပြီး နာမ်ဝိဘတ် ပါဝင်ဖွဲ့စည်းထားသောအဖွဲ့ကို အလေ့လာခံကျောက်စာတို့တွင် အောက်ပါ အတိုင်း တွေ့ရသည်။ ၎င်းတို့ကို သင်္ကေတပြု၍ ဖော်ပြသွားမည် ဖြစ်သည်။

MN → adj + hn + adj + np

– နိဗ္ဗာန်ဆိပ်ဦးအမည်တ်ဟိသေ၀ စေတီတော်ကြီးကို (ရေး၊ စာ–၃၅၊ က–၃၈)

– နိဗ္ဗာန်ဆိပ်ဦး အမည်တ်ဟိသေ၀ adj
– စေတီတော် hn
– ကြီး adj
– ကို np

| | | |
|---|---|---|
| – သံတောင်၁၂၀ မွင့် သဝ် ပြသာဒ်တ်ကြီးကို | | ရှေး၊ စာ–၈၇၊ က–၁၃ |
| – သံတောင် ၁၂၀ မွင့်သဝ် | adj | |
| – ပြသာဒ်တ် | hn | |
| – ကြီး | adj | |
| – ကို | np | |
| – နိဗ္ဗာန်တည်းဟူသောဝ် ထိုမှာဘက်ကမ်းသို့ ဆောင်ကယ်ယူနိုင်သေဝ် သမ္မာသမ္ဗောဓိဆုမြတ်ကို | | ရှေး၊ စာ–၄၆၊ က–၅၄ |
| – နိဗ္ဗာန်တည်းဟူသေဝ် ထိုမှာဘက်ကမ်းသို့ ဆောင်ကယ်ယူနိုင်သေဝ် | adj | |
| – သမ္မာသမ္ဗောဓိဆု | hn | |
| – မြတ် | adj | |
| – ကို | np | |
| – မဟာနိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးကိုဝ် | | ရှေး၊ စာ–၅၈၊ က–၉ |
| – မဟာနိဗ္ဗာန်တည်းဟူသော | adj | |
| – ရွှေပြည် | hn | |
| – ကြီး | adj | |
| – ကိုဝ် | np | |

MN → adj… + hn + adj

– ဝေဇယန္တာ ရတနာနတ်နန်း ဗိမာန်ကဲ့သို့ အလွန် ဆန်းကြွယ်စွာ အဆောင် ၄ဝ ဖွင့် ရံသဝ် ရွှေနန်းတ်ကွိး — ရှေး၊ စာ–၈၇၊ က–၁၃

- – ဝေဇယန္တာ ရတနာ နတ်နန်း ဗိမာန်ကဲ့သို့ အလွန် ဆန်းကြွယ်စွာ အဆောင် ၄ဝ ဖွင့်ရံသဝ် — adj
- – ရွှေနန်းတော် — hn
- – ကွိး — adj

– အလျး အနႈဖွင့် သံတာ ၂၅ဝ အနံအနႈဖွင့် လူ ၄ဝအပြိုင် သွးသာသဝ်တန်တးတ်ကွိး — ရှေး၊ စာ–၉ဝ၊ က–၃၅

- – အလျးအနႈဖွင့် သံတာ ၂၅ဝ အနံ အနႈဖွင့် လူ၄ဝအပြိုင် သွးသာသဝ် — adj
- – တန်တးတ် — hn
- – ကွိး — adj

– မြေိယ်ကြီးငလျင်ပွဲတင်တ်လည်း ရိုက်ကြည်း ယေဉ်ဝန်းကျင် စကြဝဠာပြင်းစွာ တုန်လှုပ်ခြင်းဟူသဝ် နိမိတ်တ်ကြီး — ရှေး၊ စာ–၂၅၊ က–၂၈

- – မြေိယ်ကြီးငလျင်ပွဲတင်တ်လည်း ရိုက်ကြည်း ယေဉ်ဝန်းကျင် စကြဝဠာပြင်းစွာ တုန်လှုပ်ခြင်း ဟူသဝ် — adj
- – နိမိတ်တ် — hn
- – ကြီး — adj

– ဘုံမ်အဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖွင့် ဆန်ကြွယ်စွာ ရွှေတောင်ပေါက်သကဲ့သိုဝ် သဝ် ပိဋကတ်တိုက်တ်ကြွီး ရှေး၊ စာ–၉၀၊ က–၃၄

- ဘုံအဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖွင့် ဆန်ကြွယ်စွာ ရွှေတောင်ပေါက်သကဲ့သိုဝ်သဝ် adj
- ပိဋကတ်တိုက်တ် hn
- ကြွီး adj

MN → adj$^1$ + adj$^2$ + hn + adj + np

– ကြီးစွာသော ကြွန္တနီလာ အဆင်းဟိသော ကျောက်ကြီးကို ရှေး၊ စာ–၃၃၊ က–၂၂

- ကြီးစွာသော adj
- ကြွန္တနီလာ အဆင်းဟိသော adj
- ကျောက် hn
- ကြီး adj
- ကို np

– ကြီးကျယ်တင့်တယ်လှစွာ သေဝ် ဘုံအဆင့်ဆင့် အရံ အဆောင်ဆောင်ဖြင့် ဆန်းကျယ် တင့်တယ်သေဝ် ကျောင်းတော်ကြီးသည် ရှေး၊ စာ–၄၃၊ က–၃၃

- ကြီးကျယ်တင့်တယ်လှစွာသေဝ် adj
- ဘုံအဆင့်ဆင့်အရံ အဆောင်ဆောင်ဖြင့် ဆန်းကျယ်တင့်တယ်သေဝ် adj
- ကျောင်းတော် hn
- ကြီး adj
- သည် np

MN $\rightarrow$ $adj^1 + adj^2 + hn + adj$

- မှန်ကင်း ၂၄ဆူ စိန်ပွင့် ၄၀ မုတ်နန့်ဥကင် ရရက် စိန်ပွင့် ၁၆ဆူ ဖွင့်တင့်တယ်စွာ သဝ် ၂ထပ်သဝ် မဟာရုံတံတိုင်းတ် ကွှီး — ရှေး၊ စာ–၉၀၊ က–၃၅
  - မှန်ကင်း ၂၄ဆူ စိန်ပွင့် ၄၀ မုတ်နန့်ဥကင်ရရက် စိန်ပွင့် ၁၆ ဆူ ဖွင့်တင့်တယ်စွာ သဝ် — adj
  - ၂ထပ်သဝ် — adj
  - မဟာရုံတံတိုင်းတ် — hn
  - ကွှီး — adj

- ဂုဏဝယအနူးဖွင့်သဃ်မိုဖွစ်သဝ် တိပိဋကလက်ာရ သာမိမဟာဓမ္မရာဇာဓိရာဇာ ဂုရုဟူသဝ် တံဆိပ်တ်ရှိသဝ် ဆရာတ်မွှတ် — ရှေး၊ စာ–၉၇၊ က–၂၉
  - ဂုဏဝယအနူးဖွင့် သဃ်မိုဖွစ်သဝ် — adj
  - တိပိဋကလက်ာရသာမိ မဟာဓမ္မရာဇာဓိရာဇာ ဂုရုဟူသဝ် တံဆိပ်တ်ရှိသဝ် — adj
  - ဆရာတ် — hn
  - မွှတ် — adj

$$MN \rightarrow adj^{(1-6)} + hn + adj + np$$

– ရွေးချယ်စိစစ်ရယ်ချီးမြှင့်ကိုးကွယ်တော်မူသေဝ် စတုပါရိ သုဒ္ဓိလေးပါး ဖြူထွားသန့်ရှင်း စင်ကြယ် ပြည့်စုံသေဝ် သာသနာတော်၏ အမြစ်ပင်စည် သဘွယ် ဖြစ်တော်မူသေဝ် ဇမ္ဗူဒိပ်ဝယ် အကြေအညာ ဒိသာရှစ်ရပ် နှံ့စပ် ကျော်စောသေဝ် ပရိယတ်ပဋိပတ် စသေဝ် အထူးထူးသဝ် ဂုဏ်နှင့် ပြည့်စုံသေဝ် ဇမ္ဗူဒီပ အနန္တဓဇမဟာဓမ္မရာဇာဂုရုဟူသေဝ် နာမံ တံဆိပ်တော်ဖြင့် ချီးမြှင့်ကိုးကွယ်တော် မူသေဝ် ဆရာတော်မြတ်အား — ရှေး၊ စာ–၄၄၊ က–၃၈

| | |
|---|---|
| – ရွေးချယ်စိစစ်ရယ် ချီးမြှင့် ကိုးကွယ်တော်မူသေဝ် | adj-1 |
| – စတုပါရိသုဒ္ဓိလေးပါးဖြူထွား သန့်ရှင်း စင်ကြယ်ပြည့်စုံသေဝ် | adj-2 |
| – သာသနာတော်၏အမြစ်ပင်စည် သဘွယ်ဖြစ်တော်မူသေဝ် | adj-3 |
| – ဇမ္ဗူဒိပ်ဝယ် အကြေအညာ ဒိသာ ရှစ်ရပ်နှံ့စပ် ကျော်စောသေဝ် | adj-4 |
| – ပရိယတ် ပဋိပတ် စသေဝ် အထူးထူးသေဝ် ဂုဏ်နှင့် ပြည့်စုံသေဝ် | adj-5 |
| – ဇမ္ဗူဒီပ အနန္တဓဇမဟာဓမ္မရာဇာ ဂုရုဟူသေဝ် နာမံတံဆိပ်တော်ဖြင့် ချီးမြှင့်ကိုးကွယ်တော်မူသေဝ် | adj-6 |
| – ဆရာတော် | hn |
| – မြတ် | adj |
| – အား | np |

ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုပါသော ဖွဲ့စည်းပုံကို အလေ့လာခံ ကျောက်စာများတွင် အထက်ဖော်ပြခဲ့သည့်အတိုင်း တွေ့ရှိရသည်။ အလေ့လာခံ ကျောက်စာများတွင် ဦးဆောင်နာမ်၏ ရှေ့နောက်မှ နာမ်အထူးပြုတစ်ခုစီ ပါဝင်ပြီး ဦးဆောင်နာမ်၏ နောက်မှ နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် (၈)ခုနှင့် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် (၁၂)ခု၊ ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပြု နှစ်ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြု တစ်ခု ပါဝင်ပြီး နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ် (၄)ခုနှင့် နာမ်ဝိဘတ် မပါဝင်သော အထူးပြုနာမ်ပုဒ် (၃)ခုအပြင် ဦးဆောင်နာမ်၏ ရှေ့မှ နာမ်အထူးပေါင်း (၆)ခုနှင့် ဦးဆောင်နာမ်၏ နောက်မှ နာမ်အထူးပြု (၁)ခုအပြင် နာမ်ဝိဘတ် ပါဝင်သော အထူးပြုနာမ်ပုဒ်ကိုလည်း တွေ့ရသည်။

နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်တို့၌ တစ်ပြိုင်နက်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များတွင် ဦးဆောင်နာမ်၏ ရှေ့၌ နာမ်အထူးပြု နှစ်ခု သုံးခု လေးခု ငါးခု စသည်ဖြင့် ဖွဲ့စည်းထားသော်လည်း ဦးဆောင်နာမ်၏ နောက်တွင်မူ နာမ်အထူးပြု တစ်ခုသာ အများဆုံး တွေ့ရသည်။ ဖော်ပြရန် ကျန်ရှိနေသော အထူးပြုနာမ်ပုဒ်အဖွဲ့များကို နောက်ဆက်တွဲတွင် ဆက်လက်ဖော်ပြပါမည်။

## ခြုံငုံသုံးသပ်ချက်

ဤစာတမ်းသည် ကုန်းဘောင်ခေတ် သက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) ခုနှစ်အတွင်း တွေ့ရှိရသော အလှူမှတ်တမ်းတင်ကျောက်စာများမှ အထူးပြုပါသော အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားပုံကို ဘာသာဗေဒနည်းအရ လေ့လာတင်ပြထားပါသည်။ ဘာသာစကားတွင် အပြောဘာသာစကားနှင့် အရေးဘာသာစကား ဟူ၍ (၂)မျိုးရှိရာ အရေးဘာသာစကားကို အခြေခံ၍ လေ့လာတင်ပြထားပါသည်။ ဘာသာစကားကို အခြေခံ၍ စာပေဖွဲ့စည်းတည်ဆောက်ရာတွင် သဒ္ဒါဖွဲ့စည်းပုံကို လည်းကောင်း၊ အဓိပ္ပါယ်ထည့်သွင်းဖွဲ့စည်းပုံကို လည်းကောင်း လေ့လာရပါသည်။ ထို့ကြောင့် သဒ္ဒါဖွဲ့စည်းပုံဖြစ်သော အထူးပြုနာမ်ပုဒ်များ၏ ဖွဲ့စည်းထားပုံကို သဒ္ဒါစည်းကမ်းနှင့် လေ့လာတင်ပြခဲ့သည်။

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိပုံကို လေ့လာရာတွင်လည်း နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့တွင်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များ၊ နာမ်အထူးပြုကို ဦးဆောင်နာမ်၏ နောက်တွင်ထား၍ ဖွဲ့စည်းထားသော အထူးပြုနာမ်ပုဒ်များနှင့် နာမ်အထူးပြုကို ဦးဆောင်နာမ်၏ ရှေ့နှင့်နောက်တွင်ထား၍ ဖွဲ့စည်း

ထားသော အထူးပြုနာမ်ပုဒ်များဟု သုံးမျိုးခွဲ၍ ပုံသေနည်းများထုတ်ကာ ဘာသာဗေဒ အမြင်ဖြင့် သုံးသပ်တင်ပြခဲ့ပါသည်။

အလေ့လာခံကျောက်စာတို့တွင် နာမ်အထူးပြုအဖြစ် နာမ်၊ ကြိယာ စကားလုံးများနှင့် အတွဲများသောပစ္စည်းမှာ 'သော' ဖြစ်ပြီး မျိုးပြနှင့်အရေအတွက်ကို တွဲ၍ သုံးသော ကိန်းဂဏန်းဆိုင်ရာ အထူးပြုများကိုလည်း တွေ့ရသည်။

ဦးဆောင်နာမ်၏ရှေ့တွင်ရှိသော နာမ်အထူးပြုများကို လေ့လာကြည့်လျှင် တစ်ခုမက တိုးချဲ့ဖွဲ့စည်းထားသည်ကို တွေ့ရသည်။ ဦးဆောင်နာမ်၏ရှေ့တွင် အထူးပြုနာမ်ပေါင်းများစွာ ထည့်သွင်းရေးဖွဲ့ထားသော်လည်း ဦးဆောင်နာမ်၏ နောက်တွင်မူ နာမ်အထူးပြုတစ်ခုသာ အများဆုံး ထည့်သွင်းရေးဖွဲ့ထားရှိမှုကို တွေ့ရသည်။

ဤသို့ဖြင့် ဦးဆောင်နာမ်၏ရှေ့မှ နာမ်အထူးပြုပေါင်းများစွာဖြင့် ရေးဖွဲ့လေ့ရှိသည့် ကုန်းဘောင်ခေတ် မြန်မာစာပေရေးဖွဲ့မှုကို သိရှိနိုင်သည့်ပြင် ထိုခေတ်၏ ရေးဟန်ကိုလည်း ပေါ်လွင်စေခဲ့ပါသည်။ ရှေးမြန်မာစာရေးဖွဲ့မှုတို့တွင် များသောအားဖြင့် မြန်မာသဒ္ဒါအရ အနက်အဓိပ္ပာယ်အရ ဆက်စပ်နေသည့် အထူးပြုများဖြင့် ရေးဖွဲ့ထားသည့် အရေးအသားများ များစွာပါဝင်နေကြောင်းကိုလည်း လေ့လာမိပါသည်။ ဤစာတမ်းသည် ကုန်းဘောင်ခေတ် မြန်မာကျောက်စာများလာ အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းထားရှိမှုကို လေ့လာမှုပြုခဲ့သည့် စာတမ်းဖြစ်ပြီး ကုန်းဘောင်ခေတ်မြန်မာစာရေးဖွဲ့မှုကို လေ့လာလိုသူများအတွက် တစ်ထောင့် တစ်နေရာမှ အထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

## နိဂုံး

ဤစာတမ်းသည် ကုန်းဘောင်ခေတ် မြန်မာသက္ကရာဇ် (၁၁၁၄ မှ ၁၂၄၇) ခုနှစ်အတွင်းရှိ အလှူမှတ်တမ်းတင်ကျောက်စာများလာ အထူးပြုနာမ်ပုဒ်များကို ဘာသာဗေဒ အမြင်ဖြင့် လေ့လာတင်ပြထားခြင်း ဖြစ်ပါသည်။ ကုန်းဘောင်ခေတ် မြန်မာကျောက်စာများတွင် ရေးဖွဲ့ခဲ့သော အထူးပြုပုဒ်အဖွဲ့များသည် ယနေ့ခေတ် အထူးပြုနာမ်ပုဒ်များဖွဲ့စည်းထားရှိမှုနှင့် အနည်းငယ်သာ ကွာခြားမှုရှိသည်။ ဤကွာခြားမှုမှာ ကုန်းဘောင်ခေတ်ထိုး ကျောက်စာတို့တွင် တစ်ခုမကသော နာမ်အထူးပြုများ များစွာဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ယနေ့ခေတ် မြန်မာစာရေးဖွဲ့မှုတွင်မူ ဤသို့သော နာမ်အထူးပြုပေါင်းများစွာဖြင့် ရေးဖွဲ့မှုကို မတွေ့ရသလောက်ပင် နည်းပါးသည်။ ရှည်လျားစွာသော နာမ်အထူးပြုများဖြင့် ရေးဖွဲ့မှုသည် အဓိကဆိုလိုချက်ကို ချက်ချင်း မသိနိုင်ဘဲ ဖြစ်စေသည်။ မည်သို့ပင်ဆိုစေကာမူ ကုန်းဘောင်ခေတ် မြန်မာကျောက်စာများမှ

အထူးပြုနာမ်ပုဒ်များ ဖွဲ့စည်းပုံကို လေ့လာခြင်းသည် ကုန်းဘောင်ခေတ်တွင် ရေးထိုးခဲ့သည့် မြန်မာကျောက်စာများမှ မြန်မာစာရေးဖွဲ့မှုဆိုင်ရာ သဘောသဘာဝကို လေ့လာခွင့်ရပါသည်။ ကုန်းဘောင်ခေတ်သည် စာပဒေသာခေတ်ဟု တင်စားခေါ်ရလောက်အောင် ဝိသေသ အဖွဲ့အနွဲ့များဖြင့် လက်စွမ်းပြရေးဖွဲ့ခဲ့ကြခြင်း ဖြစ်ရာ ကျောက်စာစကားပြေ အရေးအသားများ၌ပါ ဝိသေသအဖွဲ့အနွဲ့များ ပါဝင်နေသည်ကို တွေ့ရှိရသည်။ ဘာသာစကားလေ့လာမှုရှုထောင့်မှ ကြည့်လျှင် ဝါကျရှည်အဖွဲ့များကြောင့် ကျောက်စာစကားပြေ၏ ရှင်းလင်းခြင်းဂုဏ်ရည်ကို ထိခိုက်နိုင်သော်လည်း ကုန်းဘောင်ခေတ် စာပေရေစီးကြောင်းအတိုင်း ရေးထိုးခဲ့ခြင်း ဖြစ်သည်ဟု ယူဆနိုင်ပါသည်။

## ကျမ်းကိုးစာရင်း


### မြန်မာဘာသာ

ခင်မင်၊ မောင်(ဓနုဖြူ)။ (၁၉၉၂)။ ***မြန်မာဘာသာစကားပညာရှင်များနှင့် ဘာသာစကားအမြင်***။ ရန်ကုန်၊ ဆုစာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၃)။ ***ဘာသာစာပေ အသွေးအရောင် အဆင်အကွက်*** (ပကြိမ်)။ ရန်ကုန်၊ ရာပြည့်စာပေ။

ခင်မင်၊ မောင်(ဓနုဖြူ)။ (၂၀၁၆)။ ***မြန်မာစကားအကြောင်း တစေ့တစောင်း***။ ရန်ကုန်။ လင်းလွန်းခင်စာပေတိုက်။

ထွန်းမြင့်၊ ဦး။ (၁၉၉၅)။ ***ဘာသာဗေဒ***။ ရန်ကုန်တက္ကသိုလ်၊ ဂျီအီးစီ (ပညာရေး)၊ သမဝါယမ ဘဏ်လိမိတက်။

မြန်မာစာအဖွဲ့။ (၂၀၁၆)။ ***မြန်မာသဒ္ဒါ*** (တ–ကြိမ်)။ မြန်မာစာနှင့်ဘာသာစကား ပညာရေး ဦးစီးဌာန။

ယဉ်ကျေးမှုဝန်ကြီးဌာန။ (၂၀၁၃)။ ***ရှေးဟောင်းမြန်မာကျောက်စာ*** (ဆဋ္ဌမတွဲ)။ ရန်ကုန်၊ ရှေးဟောင်းသုတေသနဦးစီးဌာန၊ အမျိုးသားပြတိုက်နှင့်စာကြည့်တိုက်ဦးစီးဌာန။

အောင်မြင့်ဦး၊ ဒေါက်တာ။ (၂၀၁၀)။ ***ဘာသာစကားသုတေသန***။ ရန်ကုန်၊ ရှုဝံစာအုပ်တိုက်။

### အင်္ဂလိပ်ဘာသာ

Okell, John and Anna Allott. (2001). ***Burmese/ Myanmar Dictionary of Grammatical Forms***. Richmord; Curzon Press.

Okell, John. (1969). ***A REFERENCE GRAMMAR OF COLLOQUIAL BURMESE***. LONDON; Oxford University Press.

## အတိုကောက်အညွှန်း

| | | |
|---|---|---|
| adj | = | adjectival |
| CL | = | classifier |
| hn | = | head noun |
| MN | = | modifier noun phrase |
| Num | = | numberal |
| np | = | noun particle |
| ရှေး | = | ရှေးဟောင်းမြန်မာကျောက်စာများ |
| စာ | = | စာမျက်နှာ |
| က–၁ | = | ကျောက်စာကြောင်းရေ – ၁ |

## စာမဲ့အမှတ်အသား

| | | |
|---|---|---|
| → | = | ဖွဲ့စည်းပုံပြသင်္ကေတ |
| ± | = | ရှိနိုင် မရှိနိုင် သင်္ကေတ |
| ... | = | တစ်ခုထက်ပိုကြောင်းပြ သင်္ကေတ |

နောက်ဆက်တွဲ(က)

## အလေ့လာခံကုန်းဘောင်ခေတ်ကျောက်စာများ

| စဉ် | ကျောက်စာအမည် | ကျောက်စာ အမျိုးအစား | ခုနှစ် |
|---|---|---|---|
| ၁ | ဂေါ်တမဂူ ကျောက်စာ | မူလထိုး | ၁၁၁၉ |
| ၂ | ခြေတော်ရာ ကျောက်စာ | ။ | ၁၁၂၂ |
| ၃ | ရွှေတန်ဆာဘုရား ကျောက်စာ | ။ | ၁၁၂၄ |
| ၄ | ရွှေကြက်ယက်မုတ္ထောဘုရား ကျောက်စာ | ။ | ၁၁၂၅ |
| ၅ | ရွှေမုတ္ထောစေတီ ကျောက်စာ | ။ | ၁၁၂၆ |
| ၆ | နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာ (က) | ။ | ၁၁၂၆ |
| ၇ | နိဗ္ဗာန်ဆိပ်ဦးဘုရား ကျောက်စာ (ခ) | ။ | ၁၁၂၆ |
| ၈ | ဘုံစံတုလွှတ်ကျောင်း ကျောက်စာ(က) | ။ | ၁၁၂၇ |
| ၉ | ဘုံစံတုလွှတ်ကျောင်း ကျောက်စာ(ခ) | ။ | ၁၁၂၇ |
| ၁၀ | ရန်အောင်မင်္ဂလာစေတီ ကျောက်စာ | ။ | ၁၁၂၉ |
| ၁၁ | ပုဂံရွှေစည်းခုံ ကျောက်စာ | ။ | ၁၁၃၀ |
| ၁၂ | သိမ်အောင် ကျောက်စာ | ။ | ၁၁၃၃ |
| ၁၃ | ပန်စွာဆရာတော် အရိုးအိုး ကျောက်စာ | ။ | ၁၁၃၅ |
| ၁၄ | ပြည်နိဗ္ဗာန်ဘုရား ကျောက်စာ | ။ | ၁၁၃၅ |
| ၁၅ | မြင်မိမုတ္ထောဘုရား ကျောက်စာ (အထက်ပိုင်း) | ။ | ၁၁၃၈ |
| ၁၆ | မြင်မိမုတ္ထောဘုရား ကျောက်စာ (အောက်ပိုင်း) | ။ | ၁၁၃၈ |

| **စဉ်** | **ကျောက်စာအမည်** | **ကျောက်စာ အမျိုးအစား** | **ခုနှစ်** |
|---|---|---|---|
| ၁၇ | အင်းဝဆင်ဖြူရှင်မင်း အလှူပြုသော ကျောက်စာ | ။ | ၁၁၃၈ |
| ၁၈ | အင်းဝမိုးထိကျောင်း ကျောက်စာ (က) | ။ | ၁၁၃၉ |
| ၁၉ | အင်းဝမိုးထိကျောင်း ကျောက်စာ (ခ) | ။ | ၁၁၃၉ |
| ၂၀ | မဟာသိမ်တော် ကျောက်စာ | ။ | ၁၁၃၉ |

နောက်ဆက်တွဲ(ခ)

**အလေ့လာခံကျောက်စာများမှ အထူးပြုနာမ်ပုဒ်များ**

**MN → adj + hn + np**

| | |
|---|---|
| – သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်သည် | ရှေး၊ စာ–၁၃၊ က–၉၀ |
| – နလုံတ်မရောင်ရဲထူးကဲသဝ်စေတနာဖြင့် | ရှေး၊ စာ–၉၀၊ က–၃၀ |
| – အမြင်တထောင်ဆောင်သဝ်သိကြားနတ်သည် | ရှေး၊ စာ–၆၆၊ က–၆၂ |
| – ရွှိယ်ထီးရွှေယ်နန်းပြောင်ပြောင် ထွန်းရှယ့် ပွင့်လင်းစွာသော သာသနာတော်သည် | ရှေး၊ စာ–၂၄၊ က–၁၉ |
| – သံသရာဝယ် နစ်မွန်းကုန်သဝ်သတ္တဝါ အပေါင်းတိုဝ်အား | ရှေး၊ စာ–၇၀၊ က–၂၈ |
| – သဗ္ဗညုရှင်တော်ဘုရား၏ သာသနာတော်သည် | ရှေး၊ စာ–၁၃၊ က–၅ |
| – မြေပြင်သာယာ ဩဇာရှိသောအရပ်၌ | ရှေး၊ စာ–၁၄၊ က–၂၁ |
| – မြတ်သော ထီးဆောင်းပြည်ထောင်မင်းတို့ကို | ရှေး၊ စာ–၂၀၊ က–၃၀ |
| – ခံတွင်းမှထွက်သော အခိုးအလျှံသည် | ရှေး၊ စာ–၂၅၊ က–၃၁ |
| – သီလနှင့်ပြည့်စုံသဝ်သူတော်ကောင်းတို့ကို | ရှေး၊ စာ–၃၀၊ က–၄ |
| – မဂ္ဂင်ရှစ်ပါးဟူသော သင်္ဘောလှေဖြင့် | ရှေး၊ စာ–၃၈၊ က–၆၀ |
| – သန့်ရှင်းစင်သော မြေပြင်ကို | ရှေး၊ စာ–၄၂၊ က–၂၈ |
| – ထူးမြတ်စွာသောတရားတော်ကို | ရှေး၊ စာ–၄၆၊ က–၅၀ |
| – ဘဝသုံးပါးနှိုက်ဖြစ်သော သမုဒယသစ္စာကို | ရှေး၊ စာ–၄၆၊ က–၅၃ |
| – နိဗ္ဗာန်ဟူသော ဘေးမယ့်ပြည်သိုဝ် | ရှေး၊ စာ–၆၅၊ က–၅၅ |
| – ပြည်နိဗ္ဗာန်အမည်ရှိသဝ်ဘုရားရှင်အား | ရှေး၊ စာ–၇၇၊ က–၁၃ |
| – အနန္တစက္ကဝဠာနှိုက်နေကုန်သဝ် သတ္တဝါ အပေါင်းတိုဝ်အား | ရှေး၊ စာ–၈၂၊ က–၁၆ |
| – တရုပ်တရက် လူမ္လိုဝ်တိုဝ့်ကို အစိုးရသဝ် ဥဒေသ်ပွးသည် | ရှေး၊ စာ–၈၇၊ က–၁၄ |
| – ၃၂ပါး ထင်ရှားလက္ခဏာ အင်္ဂါရှစ်ဆယ်ရောင် ခြော်သွယ်ဖြင့် တင့်တယ်စွာသဝ် ဘုရားသခင်သည် | ရှေး၊ စာ–၂၄၊ က–၁၉ |

| | | |
|---|---|---|
| – | ရာဇာဓိရာဇာဖြစ်တ်မှုသဝ် အလောင်းမင်းတရား ဘုရားကြီးသည် | ရှေး၊ စာ–၂၅၊ က–၂၃ |
| – | ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသဝ် သီရိဓမ္မာသောကမင်းသည် | ရှေး၊ စာ–၄၄၊ က–၄၁ |
| – | ကြီးစွာသောသဘင်ကို | ရှေး၊ စာ–၃၀၊ က–၁၃ |
| – | သဗ္ဗညုတ အထွတ်မြတ်သောဆုကို | ရှေး၊ စာ–၃၈၊ က–၆၁ |
| – | သာသနာတ်ကိုဝ်ဆောင်ရွက်သဝ်သိန်းဃိုဝ်ရောက် မထေရ်သည် | ရှေး၊ စာ–၆၃၊ က–၄၇ |
| – | ဘုံမ်သမ္ဗါန္တိက်ကျင်လည် ကုန်သဝ် သတ္တဝါ အပေါင်းတိုဝ်အား | ရှေး၊ စာ–၆၉၊ က–၈၃ |
| – | ရွှေအက္ခရာ ရွှေစာရေသဝ် ပိဋကတ်တ် ၃ပုံကိုဝ် | ရှေး၊ စာ–၉၀၊ က–၃၀ |
| – | ရာဇူဆယ်ဝင် အမင်မင်တိုဝ့် နင်နိုပ်ပိုင်သ အစိုဝ်ရသဝ် ဘဝသခင် အသျှင်မင်းတရားကြီးသည် | ရှေး၊ စာ–၁၁၂၊ က–၃၀ |
| – | နတ်တကာတို့ကို အစိုးရသေဝ် သိကြားနတ်မင်း တို့၏ စည်းစိမ်ချမ်းသာကို | ရှေး၊ စာ–၄၇၊ က–၅၆ |
| – | အောင်သူတကါနိုင်ရာ ဘက်ကင်းတရားမင်း၏ သွှာတ်ကိုဝ် | ရှေး၊ စာ–၆၇၊က–၁၁ |
| – | ပညာသတ္တိဗျတ္တိဗလနှင် စုံအမ်အင် ညီညွတ်စွာသဝ် ဆရာတ် သဃ်ာတ်မြတ်တိုဝ်သည် | ရှေး၊ စာ–၁၀၂၊ က–၃၇ |
| – | သွှာတ်စီးပွးပွှည်သူ လူတကာတိုဝ် စီးပွးကိုဝ် ရွက်ဆောင်နိုင်သဝ် အလောင်းမင်းတရားသည် | ရှေး၊ စာ–၈၇၊ က–၆ |
| – | အတ္တဟိတ ပရဟိတ၊ ပဏ္ဍိတလက္ခဏာ အမစ္စအမည်ရှိသော အမတ်ကိုဝ် | ရှေး၊ စာ–၁၄၊ က–၁၄ |
| – | တြိဘဝနာ တိတျာ ပဝရ ပဏ္ဍိတ မဟာရာဇာဓိပတိ အမည်ရှိသော သားတော်ဥပရာဇာသည် | ရှေး၊ စာ–၁၄၊ က–၁၆ |
| – | ရတနာသိဃ်အမည်ရှိသော ကုန်းဘောင်ပြည်ကြီးကိုဝ် | ရှေး၊ စာ–၁၄၊ က–၁၇ |

**MN → adj $^{1}$ + adj$^{2}$ + hn + np**

– အထူးထူးသဝ်ကျေးဇူးအပေါင်းနှင့်ပြည့်စုံမ်တ် ရှေး၊ စာ–၇၆၊ က–၆
မူထသဝ် သမ္မာသမ္ဗုဒ္ဓသုံမ်လောကဇယ်
အဓိပတိ မုနိပုင်္ဂဝ ဂေါတမဟုအမည်တ်
ရသဝ် ဘုရားသခင်သည်

– ဘုန်းတေဝ်အလွန်ကြီးမ္လတ်တော်မူလှသဝ်ဆင့်ဖ္လူ ရှေး၊ စာ–၈၄၊ က–၁၃
သခင် အသျှင်ဘဝရှင်မင်းတရားကီးဘုရားသည်

**MN → adj $^{1}$ + adj$^{2}$ + adj$^{3}$ + hn + np**

– ၁၆း သဝ်ညဏ်တ်ကို အစိုးရတ်မူရှယ်အောင်သူတို့ ရှေး၊ စာ–၈၆၊ က–၂
ထွက်ဖ္လး ၅မာရ်အောင်မ္လင် ဘုရားရှင်ကိုဝ်

– အချင်းယူဇနာ ၁၂၀၃၄၅၀၊ အဝန်းယူဇနာ ရှေး၊ စာ–၂၂၊ က–၅–၆
၃၆၁၀၃၅၀ ဟိသော သုံးဆယ်တဘုံနှင့်တကွ
စကြာဝဠာ တိုက်ပေါင်းကုဋေ တသောင်းမျှသော
ထက်ဝန်းကျင်အရပ်တို့နှိုက် သက္ကဒေဝန္ဒ
သဟဿနေတ္တိဟူသော အမည်ဖြင့် ကျော်စော
ထင်ရှား သိကြား တစ်သောင်းလိယ်ထောင်သော
စတုမဟာရာဇ်နတ်မင်းတို့သည်

– တိုင်က္လီး ၁၆ တိုင်ကိုဝ် အစိုးရတ် မူရှယ် ရှေး၊ စာ–၈၆၊ က–၄
ရန်သူအပေါင်းကိုဝ် အောင်တ်မူလျက် ဇမ္ဗူဒိပ်
ထက်တည်သဝ် ရွှေတွင် ငွေတွင် ပတ္တမ်းတွင်
ပယင်တွင် စသေဝ် ရတနာတွင် မ္လး သခင်
အသျှင် ဘဝရှင် ဖိုဝ်တ် အလောင်းမင်းတရားက္လီး
ဘုရားသည်

– ဒုတိယရာဇဝင်တွင် ဘဝရှင်မင်းတရား၏ ရှေး၊ စာ–၈၇၊ က–၁၀
ညီတ်ရင် အစစ် ဇကရာဇ်လျှင် ဖ္လစ်တ်မူရှယ်
ရန်သူအပေါင်းကို မ္လက်စောင်ရည်ကာ
အသာလွယ်ကူအောင်တ် မူသဝ် ဆင့်ဖ္လူရတနာ
သ္လိုင်အသျှင် ဘဝရှင်မင်းတရားက္လီး
ဘုရားသည်

– မင်းတို့၏အရှင် ရတနာတို့၏သခင် ရှေး၊ စာ–၁၄၊ က–၁၈
အထွဋ်အမြတ် ဖြစ်တော်မူထသော
သားတော် အလောင်းဘုရားသည်

**MN → adj + hn**

– ဇမ္ဗူဒီပါတကျွန်းလုံးကို အစိုးရသော ရှေး၊ စာ–၂၀၊ က–၂၄
ဓမ္မာသောကမင်း

– သာသနာတ်ကို ထွန်းဝင်းစေနိုင်သဝ် ရှေး၊ စာ–၂၆၊ က–၃၆
အနော်ရထာဒေဝမင်း

– ရတနာ၇ပါးနှင့်တကွ လိယ်းကျွန်းလုံးကို ရှေး၊ စာ–၃၈၊ က–၆၃
အစိုးရသဝ်စကြာမင်း

– ရွှေယ်မြို့တော် ရွှေယ်နန်းတော်ထီးချက်တော် ရှေး၊ စာ–၃၈၊ က–၆၅
စောင့်သောနတ်

– ရတနာ ၇ပါးနှင့်တကွ ၄ကျွန်းလုံးကို ရှေး၊ စာ–၄၇၊ က–၅၆
အစိုးရသော စကြာမင်း၏စည်းစိမ်ချမ်းသာ

– ရာဇာဓိပတိဖြစ်တော်မူသော ရှေး၊ စာ–၁၄၊ က–၁၅
အလောင်းမင်းတရားကြီး

– ဇမ္ဗူဒိပ်တကျွန်းလုံးကို အစိုးရသဝ် ရှေး၊ စာ–၂၆၊ က–၃၆
အသဝ်က ဓမ္မရာဇာမင်း

– သာသနာတ်ကို ထွန်းဝင်းစေနိုင်သဝ် ရှေး၊ စာ–၂၆၊ က–၃၆
အနော်ရထာဒေဝမင်း

– အင်္ဂတေ သစ်စေရွှေငွေတို့ဖြင့် တန်ဆာဆင်၍ ရှေး၊ စာ–၅၄၊ က–၅
တည်သော ရန်အောင်မင်္ဂလာစေတီတော်

– နတ်တကာတိုဝ်ထက် မြတ်သဝ် သိကြာနတ် ရှေး၊ စာ–

– လူတကာတိုဝ်ကို အစိုးရသဝ် စကြာမန္ဓာတ်မင်း ရှေး၊ စာ–၇၈၊ က–၂၆

| | | |
|---|---|---|
| – | အဆုံမ်စွန်သဝ်ကိုယ်တ်အလွှစ်နှိုက်ဘွားတ်မူသဝ် နိယ်နှင့် တလ္လိုင်နက်ပေါက်ရယ်ထောက်သဝ် ရွှေညောင်ဗုဒ္ဓဟေပင် | ရှေး၊ စာ–၈၃၊ က–၅ |
| – | ဗောဓိသမ္ဘာရဖြစ်သော ပါရမီ ကိုဝ်ဖြည့်စွမ်း ဆောင်ရွက်ရသည် ဖြစ်လိုဝ်သဝ် အရိမိတ္တေယျရှင်တ်ဘုရား | ရှေး၊ စာ–၇၈၊ က–၂၇ |
| – | ဇမ္ဗူဒိပ်ကျွန်းလုံမ်းနှင့်တကွ အောက်ထက် ဗိလာနှစ်ယူဇနာကို အစိုးရသဝ် အသောက ဓမ္မရာဇာမင်း | ရှေး၊ စာ–၇၉၊ က–၆ |
| – | လူတကာတိုဝ်ဖယ် အဓ္ဓသယကိုဝ်ပေကမ် ဖွည့်စွမ်နိုင်သဝ် သူကြွယ်မင် | ရှေး၊ စာ–၈၅၊ က–၂၃ |
| – | ထက်ဩက်တယူဇနာ အစိုဝ်ရသဝ် သီရိဓမ္မာသောကမင်း | ရှေး၊ စာ–၈၇၊ က–၅ |
| – | ဘုရားသွှင်၏ အသမ္ဘိန္နနဖူးသင် ကွှစ်တ်ဓာတ်ကိုဝ် ထာပနာတ်မူသဝ် ရွှေစည်းခုံမ်စေတီတော် | ရှေး၊ စာ–၈၇၊ က–၁၇ |
| – | အမ္လင်တထောင်ဆောင်သဝ် သိက္လွားနတ်မင်း | ရှေး၊ စာ–၉၀၊ က–၃၁ |
| – | အောင်သူအပေါင်တိုဝ်၏ အဓိပတိဖြစ်တ်မူသဝ် ဘုရားသွှိင် | ရှေး၊ စာ–၁၀၂၊ က–၂၉ |

**MN → adj ¹ + adj ² + hn**

| | | |
|---|---|---|
| – | ဥစ္စေ့ပွှည်ဝယ် နေမမူ၍ ပါတလိပုတ်လ္ပည် တည်သဝ် သီရိဓမ္မာသောကမင်း | ရှေး၊ စာ–၈၇၊ က–၁၀ |
| – | ဘုရားအလေါင်တ် စုံပ္ပတ်မူသဝ် ဒေဝဒဟ ကောလိတ ကပ္ပိယ ဟူသေဝ် ၃ပ္လည်က္လိုး | ရှေး၊ စာ–၈၇၊ က–၁၀ |
| – | ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော စကြာဆင်ဖြူများ သွှိင်ဘဝရှင် အလောင်းမင်းတရားကြီး | ရှေး၊ စာ–၉၊ က–၁ |

**MN → adj (Num + CL) + hn**

| | | |
|---|---|---|
| – | သမ္ဗါးသဝ် မင်္ဂလာကြီးတို့သည် | ရှေး၊ စာ– ၊ က– |
| – | ၅ကျိတ် ၅ယောက် သဝ် သူဌေးသားတို့ကို | ရှေး၊ စာ–၃၂၊ က–၁၈ |
| – | ၉ ဆူသော စေတီတော် | ရှေး၊ စာ–၃၂၊ က–၄၁ |
| – | အချပ်တရာရှိသဝ် ကုမုဒ္ဒရာကြာပွင့် | ရှေး၊ စာ–၃၀၊ က–၉ |
| – | ရှစ်ပြည်ထောင်သော မင်းတို့ | ရှေး၊ စာ–၃၀၊ က–၃၄ |
| – | သုံမ်ဆယ်တထပ် ဘဝရပ် | ရှေး၊ စာ–၇၈၊ က–၃၀ |
| – | ခြောက်ဆင့်နတ်ရွာ | ရှေး၊ စာ–၃၉၊ က–၈ |
| – | သုံးကျိပ်သုံးယေံသေဝ် သိကြားနတ်မင်းတို့ | ရှေး၊ စာ–၂၊ က–၁၆ |
| – | ၃ပုံသေဝ် ပိဋကတ်တော် | ရှေး၊ စာ–၄၄၊ က–၃၄ |
| – | ၄းသဝ်ပစ္စည်း | ရှေး၊ စာ–၉၂၊ က–၄၅ |
| – | ၃၁၅း သဝ် ကွန် လက္ခဏာ | ရှေး၊ စာ–၉၄၊ က–၈ |
| – | ၃တန် သဝ် စေတနာ | ရှေး၊ စာ–၉၇၊ က–၃၀ |
| – | သုံးပါးသော သဝ် စေတနာ | ရှေး၊ စာ–၂၁၊ က–၄၁ |
| – | ၃အင် စေတနာ | ရှေး၊ စာ–၉၇၊ က–၃၁ |
| – | လိယ်ပါသော အပါယ်ငရယ် | ရှေး၊ စာ–၃၂၊ က–၁၅ |

**MN → hn + adj (Num + CL)**

| | | |
|---|---|---|
| – | သာသနာ တော် ၅ ထောင် | ရှေး၊ စာ–၃၀၊ က–၆ |
| – | စစ်အင်္ဂါ ၄ပါး | ရှေး၊ စာ–၃၀၊ က–၁၂ |
| – | ကျောံခြောက်ချပ်တို့ | ရှေး၊ စာ–၃၀၊ က–၈ |
| – | စတုမဟာရာဇ်နတ်မင်းလေးယောက် | ရှေး၊ စာ–၃၀၊ က–၁၆ |
| – | ပစ္စည်းလေးပါး | ရှေး၊ စာ–၃၀၊ က–၄၇ |
| – | ရတနာ ၇ပါး | ရှေး၊ စာ–၄၃၊ က–၅၆ |

| | |
|---|---|
| – စရိယ ၃ပါး | ရှေး၊ စာ–၃၈၊ က–၆၄ |
| – အမတ် ၄ယောက် | ရှေး၊ စာ–၃၇၊ က–၅၂ |
| – အမတ် ၂ ယောက် | ရှေး၊ စာ–၃၇၊ က–၅၂ |
| – မဂ္ဂင် ၈ပါး | ရှေး၊ စာ–၃၈၊ က–၆၀ |
| – ဒိဿရှစ်ရပ် | ရှေး၊ စာ–၄၄၊ က–၃၇ |
| – သစ္စာလေးဆင့် | ရှေး၊ စာ–၄၆၊ က–၅၄ |
| – အုန်းပေါက်စွာမြေနယ် ၈ရပ် | ရှေး၊ စာ–၄၈၊ က–၁ |
| – သတ္တိ ၃ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – ရာဇဓမ္မ ၁၀ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – သင်္ဂဟတရား ၄ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – အပရိဟာနိယတရား ၇ပါး | ရှေး၊ စာ–၂၇၊ က–၄၉ |
| – ရပ်ပြစ် ရှစ်ပါး | ရှေး၊ စာ–၇၁၊ က–၁၀ |
| – အရပ် ၈ မွှက်နှာ | ရှေး၊ စာ–၉၁၊ က–၄၀ |
| – သဘင်သည် ၃၇ ရပ် | ရှေး၊ စာ–၉၇၊ က–၃၃ |
| – ဘုံ ၃ ရပ် | ရှေး၊ စာ–၉၈၊ က–၃၆ |
| – ပရိသတ်ရှစ်ပါး | ရှေး၊ စာ–၃၁၊ က–၃၁ |
| – ပါရမီ ၁၀ပါး | ရှေး၊ စာ–၄၃၊ က–၅၆–၁၄ |
| – အပယ် ၄ပါး | ရှေး၊ စာ–၈၁၊ က–၂၄ |
| – ရတနာ ၇ပါး | ရှေး၊ စာ–၄၆၊ က–၅၆ |
| – ပိဋကတ် ၃ပုံ | ရှေး၊ စာ–၉၀၊ က–၃၀ |
| – အရပ်ကြီး ၆ပါး | ရှေး၊ စာ–၂၃၊ က–၆၄ |
| – စွန်းခြင်းကြီး ၅ပါး | ရှေး၊ စာ–၃၇၊ က–၆၄ |

**MN → adj + hn + adj + np**

- သုဓမ္မာနတ်သဘင်ကဲ့သို့ အလွန်တင့်တယ်စွာသေဝ် မဟာဝိဟာရကျောင်းတော်ကြီးကို — ရှေး၊ စာ–၄၅၊ က–၄၅
- နိဗ္ဗာန်တည်းဟူသော ခေမာဘက်သိုဝ် တင်ပို့နိုင်သဝ် သမ္မာသမ္ဗောဓိဆုမြတ်ကို — ရှေး၊ စာ–၄၆၊ က–၅၄
- မဟာနိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးကိုဝ်
- အဆောင်ဆောင်ဖြင့် ဆန်းကြယ်စွာသေဝ် မဟာဝိဟာရ ကျောင်းတော်ကြီးကို — ရှေး၊ စာ–၄၄၊ က–၃၆

**MN → adj + hn + adj**

- မှန်ကင်း ၃၂ ဆူ စိန်ပျံ ၃၂ဆူ မုတ်နန်း ဥကင် ၃ဆင့်နှင့်တကွ တင့်တယ်စွာသဝ် က္လောင်တ်ဦးပ္လာဿဒ်တ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၄
- တာပေါင်း ၃၂၀၆ တာရှိသော ရွှေမြို့တော်ကြီး — ရှေး၊ စာ–၄၁၊ က–၁၈
- ဘုံ ၇ ဆင့် ဟိသော ရွှေနန်းပြဿဒ်တော်ကြီး — ရှေး၊ စာ–၄၁၊ က–၁၉
- အဆောင်ဆောင်သေဝ် အရံဖြင့် ဆန်းကြယ်သေဝ် ကျောင်းတော်ကြီး — ရှေး၊ စာ–၄၁၊ က–၃၁
- ဘုံမ်အဆင့်ဆင့် မှန်ကင် ၁၂ဆူ ဖ္လင့် ဆန်က္လယ်စွာ ရွှေတောင်ပေါက် သကဲ့သိုဝ် ပိဋကတ်တိုက်တ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၄
- အလွန်သဖ္လင့်စင်က္လယ်သဝ် ရေကန်တ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၅
- သင်္ဃာတ် ၂၅၀၀ ရန်သဝ် အလှျုတ်က္လီး — ရှေး၊ စာ–၉၀၊ က–၃၆
- ကြည်ရွှင်စွာသဝ် စေတနာမြတ် — ရှေး၊ စာ–၁၀၂၊ က–၃၅

**MN → adj$^1$ + adj$^2$ + hn ± np**

– ချမ်းသာခိုင်ပြီး အမြိုက်သီးကိုဝ် မငြီးလိုရာ ရွှေးဆွတ်ရာဖြစ်သော မဟာနိဗ္ဗာန်တည်းဟူသော ရွှေပြည်ကြီးကို — ရှေး၊ စာ–၅၈၊ က–၉

– မဟာမင်္ဂလာရွှေအုပ် ကမ္ဗည်းမော်ကွန်းတပ်သဝ် ဘုံမ် ၅ထပ် အဦ ပြဿဒ်အရံကျွှောင်တ် မဟာရံ ၂ထပ်လွှင့် တင့်တယ်သဝ် ကျွှောင်တ်ကြီးကို — ရှေး၊ စာ–၉၇၊ က–၂၉

– အဓိပတိ ပုင်္ဂဝ သမ္ဗုဒ္ဓ အမည်တ် ရသဝ် ဘုရး သ္ခိင်ဇယ် သာသနာတ်လွှတ် — ရှေး၊ စာ–၈၄၊ က–၇